# စာရေးသူ၏ အမှာ

ဒီစာအုပ်ကို ရေးတော့ ဘာကြောင့် တခြားလူတွေ ဒီလိုမျိုး မရေးကြတာလဲ ဆိုတာ သိလာတယ်။ ဒီ ဒုတိယစာအုပ်ဟာ ပထမစာအုပ်လောက် ကျွန်တော့်အတွက် သက်သောင့်သက်သာ မရှိခဲ့ဘူး။ ပထမစာအုပ်က ပြီးမြောက်ခဲ့တဲ့ အဖြစ်အပျက်တွေ ဖြစ်သလို များသောအားဖြင့် ပါဝင် ပတ်သက်နေသူတွေက မရှိကြတော့ဘူး။ အပြောင်းအလဲတွေလည်း ဖြစ်ခဲ့ကြပြီ။ အခု စာအုပ်ကျတော့ လူတွေက လက်ရှိ နိုင်ငံရေးကွင်းထဲမှာ ရှိနေကြတုန်းပဲ။ ကျွန်တော်က ကျွန်တော့် အမြင်အတိုင်း ရေးတော့ သူတို့ရဲ့ ငြူစူခြင်းကို ခံရနိုင်ပါတယ်။ ဒါအတွက် ကျွန်တော် မပူပါဘူး။ ကျွန်တော် ရေးတာ ကျွန်တော့်အမြင်ပါ။ မတူတာတော့ သူတို့က ရေးပြီး ရှင်းပြနိုင်ကြတာပဲလို့ ကျွန်တော် တွက်ဆလို့ပါ။

ကျွန်တော် အပါအဝင် ကျွန်တော်တွေ့တဲ့ လူတွေ တော်တော်များများက တော်လှန်ရေးကို အောင်မြင်အောင် မလုပ်ဆောင်ကြသေးဘူး။ အားနည်းချက်တွေ ရှိလို့ပေါ့။ ဒါကို မသိသလို နေကြတာဟာ ရောဂါကို မွေးထားသလိုပဲ ဖြစ်နေကြမှာပါ။ ဝေဖန်ရေးအလုပ်ဟာ ရှေ့တိုးတက်ရေးကို အထောက်အကူပြုတယ်လို့ ကျွန်တော် ယုံပါတယ်။

ကျွန်တော်တို့ ဗမာတွေ မှတ်တမ်းရေးလေ့ မရှိကြဘူး။ ဒီတော့ ရထားတဲ့ အသိဉာဏ်၊ ဗဟုသုတတွေ နောက်လူအတွက် မကျန်ခဲ့ဘူး။ ကျွန်တော်ဟာ ကံအားလျော်စွာ အသက်ရှည်ခြင်း၊ စာရေးတတ်ခြင်း၊ စာရေးဖို့ အခြေအနေ ရှိခြင်း၊ ဖြန့်ဝေသည့် နည်းနာကို သိရှိခြင်း၊ ထောက်ကူ ပံ့ပိုးသူများ ရှိနေခြင်းတို့ကြောင့် တိုင်းပြည်နဲ့ ပြည်သူကောင်းကျိုးကို သယ်ပိုးလိုတဲ့ တော်လှန်ရေး စိတ်သန်သူတို့ကို လက်ဆောင်အဖြစ် ကျွန်တော့် အတွေ့အကြုံကို ပေးခဲ့ချင်တာပါပဲ။

ဝေလှာဝ ဆိုတဲ့ လူရွှင်တော်မင်းသားက ပြောတာကို ကြားမိလိုက်တယ်။ သူ့စကား မှတ်မိသမျှက ကျွန်တော်တို့ ဗမာတွေဟာ ကိုယ် အညာခံရပြီဆို မပြောပြဘူး။ ဒီအတိုင်း ဖုံးကွယ်ထားကြတယ်။ နောက်လူတွေ ပြန်အညာခံကြရတယ်။ ဒါဟာ အမှန်ပဲ။ ဘာဖြစ်လို့ အဲဒီလို ဖြစ်ရလဲ ဆိုတော့ ကိုယ် 'အ' တာကို သူများ မသိစေချင်လို့၊ သိက္ခာကျမှာ စိုးတာကြောင့်၊ အကြောက်တရားကြောင့်၊ သူတစ်ပါးကို ချောက်ချချင်ခြင်းကြောင့် ဆိုတဲ့ အကြောင်းတွေ ရှိနေ



လိမ့်မယ်။ ဒါပေမဲ့ ဒါတွေဟာ နောင်လာနောက်သားတွေကို ဆိုးကျိုးပဲ ပေးနိုင်ပါတယ်။ ဒီတော့ ဒီလိုမျိုး အလိမ်ခံရ၊ လူလည်အကျခံရ၊ အမြတ်ထုတ်ခံရတာတွေကို ဖွင့်ပြောပြီး အနာဂတ်လူတွေအတွက် ကြိုတင် သိမြင်နိုင်အောင် ရှင်းပြပြီး အသိပေးသင့်ကြပါတယ်။

ကိုယ့်ရှေ့က ခေါင်းဆောင်တွေကို ကျော်လွှားဖို့ စိတ်ကူး ကျွန်တော့်မှာ တစ်ခါမှ မပေါ်ဖူးပါ။ ဒါပေမဲ့ တော်လှန်ရေးခရီးကို ဆက်သွားလို့ မရနိုင်တော့တာကို သိလာတော့ မလွှဲသာဘဲ သခင်စိုးလို၊ စဝ်ဆေလင်းလို၊ ဗိုလ်ချုပ်မြတ်တို့လို လူတွေကို ကျော်လွန်ဖို့ ကျွန်တော် မြင်သလောက် လုပ်ရတော့တာပဲ။ အန္တရာယ်ဆိုတာကတော့ ကျွန်တော့် မိတ်ဆွေရင်းလို ဖြစ်နေတာ ကြာပါပြီ။ ဒါဟာ **အရှေ့တို့ရဲ့ အရှေ့** ဆိုတဲ့ ခေါင်းစဉ်ကို ရလာရတဲ့ အကြောင်းပေါ့။

ဒီ အရှေ့တို့ရဲ့ အရှေ့ စာအုပ်ကိုလည်း အရင် **နောက်တန်းက ဗမာတစ်ယောက်** စာအုပ်လို အထူးသဖြင့် တော်လှန်ရေးကို စိတ်ဝင်စားသူတွေ၊ နိုင်ငံရေးကို လေ့လာချင်သူတွေအတွက် အထောက်အပံ့ ဖြစ်စေဖို့ ရည်ရွယ်ပါတယ်။

တော်လှန်ရေးမှာ လမ်းစဉ်က ရှင်းလင်းပေမယ့် ရန်သူရဲ့ လှည့်စား နှောင့်ယှက် ပရိယာယ်ဆင် တိုက်ခိုက်မှုတွေက ခရီးလမ်းကို ရှုပ်ထွေး ဝေဝါးစေပါတယ်။ ဒါကြောင့် တော်လှန်ရေးအမြင် ရှိ လမ်းစဉ် ရှိ လူ ရှိလည်း ရန်သူပရိယာယ်ကို မချေဖျက်နိုင်က ထိခိုက်မှုတွေ ဖြစ်တတ်ပါတယ်။ ဒီအချက်ကြောင့် မြန်မာပြည် တော်လှန်ရေးလှုပ်ရှားမှုဟာ ယခုအခါ အထိနာနေရပါတယ်။

တော်လှန်ရေးရဲ့ လှုပ်ရှားမှုက ဖိနှိပ်သူတွေကို အောင်ပွဲခံခဲ့တာချည်း ဖြစ်ပေမယ့် လူထုကို တော်လှန်ရေးအမြင် မတပ်ဆင်နိုင်ပါက ဖောက်ပြန်တဲ့ အတွေးအခေါ်တွေရဲ့ လွှမ်းမိုးမှုကို ခံရတတ်ပြီး ကိုယ့် ရဲဘော်ရဲဘက်တို့ကို ဖဲ့ထုတ် ဖြိုချ ခံရတတ်တာကို ဒီစာအုပ်က ရှင်းပြနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒီနေ့ ဖြစ်ရှိနေတဲ့ အခြေအနေပေါ် တည်ပြီး တော်လှန်ရေး အောင်လံကို မြင့်မြင့်မားမား လွှင့်ထူနိုင်ဖို့ စာဖတ်သူကို အားပေးချင်ပါတယ်။

အကြောင်းအရာတွေကို အခြေပြု ရေးထားတဲ့အတွက် အချိန်ကာလတွေကိုတော့ သတိထား ဂရုစိုက်ပေးဖို့ မှာကြားအပ်ပါတယ်။

တော်လှန်ရေးထက် မြင့်မြတ်သည့် အရာသည် မရှိ။

နိုဝင်ဘာ၊ ၂၀၀၅။ အေးဆောင်